# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် ဒေသများစွာတို့တွင် အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ခံရခြင်း အပါအဝင် နိုင်ငံအဝန်း ဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့

၁။ ဖက်ဆစ်စစ်တပ်သည် ပြည်သူလူထု၏ အချုပ်အခြာအာဏာကို ဖေဖော်ဝါရီလ(၁) ရက်နေ့မှ စ၍ အတင်းအဓမ္မ လုယူသိမ်းပိုက်ခဲ့ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို နေ့စဉ်နှင့် အမျှ ကျူးလွန်နေသည်ကို ခိုင်လုံသည့် သက်သေအထောက်အထားများက ပြသနေပါသည်။

၂။ ဖက်ဆစ်စစ်တပ်သည် မြို့များနှင့် ကျေးရွာများသို့ အင်အားသုံး ဝင်ရောက်စီးနင်း၍ ဒေသခံပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများကို အထိန်းအကွပ်မဲ့စွာဖြင့် အရှိန်မြှင့် လုပ်ဆောင်နေပါသည်။ ထို့အပြင် ကျေးရွာများကို ရွာလုံးကျွတ် မီးရှို့ခြင်းကဲ့သို့သော ကြောက်စရာကောင်းလောက်သည့် ရာဇဝတ်မှုများကို ဖက်ဆစ်စစ်တပ်အနေဖြင့် တနေ့တခြား ပိုမိုကျူးလွန် လာနေသည်ကို လက်တွေ့မြေပြင်အနေအထားများအရ တွေ့ရှိရပါသည်။

၃။ ယခုအခါတွင် နိုင်ငံတဝန်း မြို့နယ်များနှင့် ဒေသများစွာတို့ကို ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်ထားခြင်း၊ ထပ်မံဖြတ်တောက်ရန် ကြံစည်နေခြင်းတို့သည် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့် အခွင့်အရေးကိုပါ ထပ်မံဖောက်ဖျက်ကျူးလွန်၍ ဖက်ဆစ်စစ်တပ်အနေဖြင့် ပြည်သူလူထုအပေါ်ကို ရန်သူသဖွယ်သဘောထားကာ နယ်မြေရှင်းလင်းရေးခေါင်းစဉ်အမည်ခံ၍ စစ်မြေပြင်ကဲ့သို့ နှိမ်နင်းရှင်းလင်းရန် အားထုတ်ကြိုးပမ်းနေခြင်း ဖြစ်ပါသည်။

၄။ လက်ရှိ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ယောဒေသအပါအဝင် နိုင်ငံတဝန်းဖြစ်ပျက်နေသောကိစ္စ များကို သုံးသပ်ပါက ဖက်ဆစ်စစ်တပ်အနေဖြင့် နှစ်ပေါင်းများစွာ တိုင်းရင်းသားဒေသများကို ထိုးစစ်များ ဆင်နွှဲ၍ ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ နယ်မြေရှင်းလင်းရေး ဟူသည့် ခေါင်းစဉ်ဖြင့်လူသားမျိုးနွယ်အပေါ်ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို တိုင်းရင်းသားဒေသများတွင် နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့ခြင်းနှင့် လူနည်းစုများကိုရည်ရွယ် ချက်ရှိရှိ ကွယ်ပျောက်စေရန် အစီအစဉ်တကျဆောင်ရွက်ခဲ့သည့် ရှေးယခင်နည်းများအတိုင်း ရာဇဝတ်မှုများ ထပ်မံ ကျူးလွန်ရန် ပြင်ဆင်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

၅။ ထို့အပြင် မကြာသေးခင်နှစ်များအတွင်း ရိုဟင်ဂျာများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်း၊ ကျေးရွာများ ကို မီးရှို့ဖျက်ဆီးခြင်းတို့နှင့်အတူ လူပေါင်းသိန်းချီ ထွက်ပြေးစေခဲ့သည့် ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုကို ဖက်ဆစ်စစ်တပ်အနေဖြင့် ကျူးလွန်ခဲ့စဉ်အခါနှင့် တိုင်းရင်းသားဒေသများကို အင်အားအဆမတန် သုံးကာ ထိုးစစ်ဆင်သည့်အခါတွင်လည်း အင်တာနက်လိုင်းများနှင့် ဖုန်းလိုင်းများကို ရည်ရွယ်ချက်ရှိရှိဖြတ်တောက် ထားခဲ့ပြီး ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ၊ အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်မှုများနှင့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများကို သတင်းအမှောင်ချ၍ ကျူးလွန်ခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

၆။ ယခုအခါတွင် ဖက်ဆစ်စစ်တပ်အနေဖြင့် နိုင်ငံတဝန်း အထူးသဖြင့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်းမြစ်ဝှမ်းဒေသ၊ အနောက်မြောက်လွင်ပြင်ဒေသနှင့် မကွေးတိုင်းဒေသကြီးရှိ ယောဒေသတို့ကို နယ်မြေရှင်းလင်းရေး ခေါင်းစဉ်တပ်၍ လေကြောင်းမှ အဆင်ခြင်မဲ့ တိုက်ခိုက်ခြင်း၊ ကျေးရွာများကို ရွာလုံးကျွတ် မီးရှို့ခြင်း၊ ဒေသခံပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ဒေသခံများ၏ ပိုင်ဆိုင်မှုများကို လုယူသိမ်း ပိုက်ခြင်းများကို ကျူးလွန်ခဲ့ပြီး ထပ်မံကျူးလွန်ရန်အတွက် အရှိန်မြှင့်လုပ်ဆောင်ရန် ကြိုးစားသည့် ကနဦး ခြေလှမ်းအဖြစ် အင်တာနက်နှင့် ဖုန်းလိုင်းများကို သတင်းအမှောင်ချသည့်အနေဖြင့် ရည်ရွယ်ချက်ရှိရှိ ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်ကို ထင်ရှားစွာ မြင်တွေ့နိုင်သည်။

၇။ ဖက်ဆစ်စစ်တပ်၏ သာလွန်အင်အား အဆမတန် အသုံးပြုသည့် ထိုးစစ်များကြောင့် တိုင်းရင်းသားဒေသများ၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အနောက်မြင်လွင်ပြင်ဒေသ၊ ချင်းတွင်းမြစ်ဝှမ်းဒေသနှင့် ယောဒေသများအတွင်း ကြီးမားသော လူသားချင်းစာနာမှုဆိုင်ရာ အကြပ်အတည်းများ ဖြစ်ပေါ်လာနိုင်ပြီး သန်းနှင့်ချီသော ပြည်သူများ သည် အိုးအိမ်စွန့်ခွာထွက်ပြေးရမည့် အခြေအနေကို ကြုံတွေ့နေရပြီ ဖြစ်သည်။

၈။ ဖက်ဆစ်စစ်တပ်၏ သာလွန်အင်အား အဆမတန် အသုံးပြုနေသည့် ထိုးစစ်များ၊ မြန်မာပြည်သူလူထုအပေါ် ကျူးလွန်နေသည့် ရာဇဝတ်မှုများ၊ နိုင်ငံတကာဥပဒေများနှင့် လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည့် မင်းအောင်လှိုင်ဦးဆောင်နေသည့် စစ်ကောင်စီကို အချိန်မီ တားဆီးနိုင်ခြင်း မရှိပါက လွန်ခဲ့သော နှစ်အပိုင်းအခြားက ဖြစ်ပျက်ခဲ့သည့် ရိုဟင်ဂျာ လူမျိုးသုဉ်းသတ်ဖြတ်မှုများအပါအဝင် တိုင်းရင်းသား ဒေသများတွင် နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့သည့် ဖက်ဆစ်စစ်တပ်၏ ထိတ်လန့်တုန်လှုပ်ဖွယ် ရာဇဝတ်မှုများသည် နိုင်ငံတဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သည်။

၉။ သို့ဖြစ်ပါ၍ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့် အစီအမံများကို ချမှတ်၍ ထိရောက်သည့် လုပ်ငန်းစဉ်များကို လျင်လျင် မြန်မြန် အကောင်အထည်ဖော်ကာ ဖြစ်နိုင်သမျှ နည်းလမ်းမျိုးစုံကို အသုံးပြု၍ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်မှုပေးကြပါရန် တိုက်တွန်းတောင်းဆိုအပ်ပါသည်။

၁၀။ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝိုင်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း အဖွဲ့အစည်းဖြစ်သည့် အာဆီယံအနေဖြင့်လည်း ဖက်ဆစ်စစ်တပ်၏ မအောင်မြင်နိုင်သော အာဏာသိမ်းမှုသည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်ရေးများကို ခြိမ်းခြောက်လျက်ရှိနေပြီး ဖက်ဆစ်စစ်တပ်၏ ဥပဒေမဲ့လုပ်ရပ်များကြောင့်အိမ်နီးချင်းနိုင်ငံများသို့ လူသန်းပေါင်းများစွာ ထွက်ပြေး ခိုလှုံခြင်း စသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခကို မမြင်တွေ့လိုပါက ဖက်ဆစ်စစ်တပ်၏ ထိုးစစ် များ ချက်ချင်း ရပ်တန့်စေရေး၊ အာဏာသိမ်းမှု အမြန်ဆုံး ဆုံးသတ်ကာ ဒီမိုကရေစီစနစ်သို့ ပြန်သွားစေခြင်းနှင့် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိလာစေရေးတို့အတွက် မင်းအောင်လှိုင် ဦးဆောင်သည့် စစ်ကောင်စီကို နည်းလမ်းပေါင်းစုံအသုံးပြု၍ ဖိအားပေးကြပါရန်နှင့် ပြည်သူလူထုကိုကိုယ်စား ပြုသည့် အမျိုးသားညီညွတ်ရေးအစိုးရကို ပိုမို အရှိန်အဟုန်မြင့် ထိတွေ့ဆက်ဆံပြီး ထိရောက်သည့်အကူအညီ များ လျင်မြန်စွာ ပံ့ပိုးပေးကြပါရန် အလေးအနက် တောင်းဆိုလိုက်သည်။

၁၁။ ပြည်သူလူထုသည် ဖက်ဆစ်စစ်တပ်၏ အာဏာသိမ်းမှုကို မည်သည့်အခါမျှ လက်ခံမည် မဟုတ်သကဲ့သို့ ဖက်ဆစ်စစ်တပ်၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များ အားလုံး အဆုံးသတ်စေရေးနှင့် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးတို့အတွက် ဖက်ဆစ်စစ်တပ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင် တော်လှန်သွားမည်။ ဖက်ဆစ်စစ်တပ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို တာဝန်ခံမှု ရှိစေရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ဖြစ်နိုင်သမျှ နည်းလမ်းအားလုံးကို အသုံးပြု၍ လုပ်ဆောင်သွားမည်ဖြစ်သည်။

**"စစ်အာဏာသိမ်းမှုသည် မုချကျရှုံးရမည်"**

**"ပြည်သူလူထု၏ စည်းလုံးညီညွတ်မှု၊ ရဲရင့်ပြောင်မြောက်သော သတ္တိတို့ဖြင့် ဖက်ဒရယ် ဒီမိုကရေစီပန်းတိုင်ဆီသို့ အရောက်ချီတက်မည်"**

## ၁။ မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ

- ၁ ( က )။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ( မုံရွာခရိုင် )
- ၁ ( ခ )။ တက္ကသိုလ်ကျောင်းသားသမဂ္ဂများ (တကသ) များ ကွန်ရက် - မုံရွာ
- ၁ ( ဂ )။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ( မုံရွာမြို့နယ် )
- ၁ ( ဃ )။ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ( မုံရွာ )
- ၁ ( င )။ သခင်ကိုယ်တော်မှိုင်း ကွန်ရက် ( မုံရွာ )
- ၁ ( စ )။ နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့် မျိုးဆက်သစ်အင်အားစုများအဖွဲ့ ( မုံရွာ)
- ၁ ( ဆ )။ အရပ်ဖက်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ ( မုံရွာ )

## ၂။ ကျောင်းသား သမဂ္ဂများ

- ၂(က)။ နည်းပညာတက္ကသိုလ် (ကလေး) ကျောင်းသားများ သမဂ္ဂ
- ၂(ခ) ။ စစ်ကိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
- ၂(ဂ) ။ ကလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
- ၂(ဃ)။ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)ကျောင်းသားများသမဂ္ဂ
- ၂(င) ။ မုံရွာသူနာပြု-သားဖွားသင်တန်းကျောင်း ကျောင်းသားများသမဂ္ဂ
- ၂(စ) ။ ကလေးသူနာပြု-သားဖွားသင်တန်းကျောင်း ကျောင်းသားများသမဂ္ဂ
- ၂(ဆ) ။ ရွှေဘို သူနာပြုသင်တန်းကျောင်း ကျောင်းသားများသမဂ္ဂ
- ၂(ဇ) ။ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)ကျောင်းသားများသမဂ္ဂ
- ၂(ဈ) ။ ကလေးကွန်ပျူတာတက္ကသိုလ်(ကလေး) ကျောင်းသားများသမဂ္ဂ
- ၂(ည) ။ မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
- ၂(ဋ) ။ မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
- ၂(ဌ) ။ ကွန်ပျူတာတက္ကသိုလ် (မုံရွာ)ကျောင်းသားများသမဂ္ဂ
- ၂(ဍ) ။ နည်းပညာတက္ကသိုလ် ( မုံရွာ)ကျောင်းသားများသမဂ္ဂ
- ၂(ဎ) ။ ရွှေဘိုနည်းပညာကောလိပ်ကျောင်းသားများသမဂ္ဂ
- ၂(ဏ)။ မုံရွာမြို့နယ်အခြေခံပညာကျောင်းသားများသမဂ္ဂ(ဗကသများအဖွဲ့ချုပ်)
- ၂(တ)။ ပုလဲမြို့နယ်ကျောင်းသားများသမဂ္ဂ(ဗကသများအဖွဲ့ချုပ်)
- ၂(ထ)။ အရာတော်မြို့နယ်ကျောင်းသားများသမဂ္ဂ(ဗကသများအဖွဲ့ချုပ်)
- ၂(ဒ) ။ ချောင်းဦးမြို့နယ်ကျောင်းသားများသမဂ္ဂ(ဗကသများအဖွဲ့ချုပ်)

## ၃။ လူငယ်ရေးရာ ကော်မတီများ။

၃(က)။ စစ်ကိုင်းတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ
၃(ခ) ။ မုံရွာခရိုင်လူငယ်ရေးရာကော်မတီ
၃(ဂ) ။ စစ်ကိုင်းခရိုင်လူငယ်ရေးရာကော်မတီ
၃(ဃ)။ ရွှေဘိုခရိုင်လူငယ်ရေးရာကော်မတီ
၃(င) ။ ကန့်ဘလူခရိုင်လူငယ်ရေးရာကော်မတီ
၃(စ) ။ ကသာခရိုင်လူငယ်ရေးရာကော်မတီ
၃(ဆ)။ မော်လိုက်ခရိုင်လူငယ်ရေးရာကော်မတီ
၃(ဇ) ။ ယင်းမာပင်ခရိုင်လူငယ်ရေးရာကော်မတီ
၃(ည)။ ခန္တီးခရိုင်လူငယ်ရေးရောကော်မတီ
၃(ဋ) ။ တမူးခရိုင်လူငယ်ရေးရာကော်မတီ
၃(ဌ) ။ ကလေးခရိုင်လူငယ်ရေးရာကော်မတီ
၃(ဍ) ။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူငယ်ရေးရာကော်မတီ

## ၄။ သပိတ် ကော်မတီ နှင့် အင်အားစုများ။

၄(က) ။ မုံရွာ-အမြင့်လမ်းဘေးကျေးရွာများသပိတ်စစ်ကြောင်း
၄(ခ) ။ ယင်းမာပင်အရှေ့ခြမ်းနှင့် ဆားလင်းမြောက်ခြမ်း ရွာပေါင်းစုံသပိတ်စစ်ကြောင်း
၄(ဂ) ။ လက်ပံတောင်းတောင် ဒေသ ပင်မသပိတ်စစ်ကြောင်း
၄(ဃ)။ မုံရွေး-ကြေးမုံ သပိတ်စစ်ကြောင်း
၄(င) ။ အနောက်မြောက်လွင်ပြင်ဒေသ သပိတ်အင်အားစုများ
၄(စ) ။ ကလေးမြို့သပိတ်အင်အားစုများ
၄(ဆ) ။ စစ်ကိုင်းမြို့ပင်မသပိတ်ကော်မတီ
၄(ဇ) ။ အရာတော်မြို့နယ် တော်လှန်ရေးအင်အားစု

## ၅။ လုံခြုံရေးအရ အမည်မဖော်ပြနိုင်သည့် လူမှုအခြေပြု/ရပ်ရွာ အခြေပြု အဖွဲ့အစည်း (၅၃) ဖွဲ့။